# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၂၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၁ - ၃ - ၂၀၁၅ ]

# (ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၅ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိမြို့မဈေးအား တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အရန်ဈေးအဖြစ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ ပြည်သူ(၆၅၇)ဦး၏ မြေငှားစာချုပ် (ဂရန်) ရရှိရေးအဆင့်ဆင့် တင်ပြဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **အမဲ၊ ဝက် လိုင်စင် ချထားပေးရာ၌ ဈေးအမြင့်ဆုံး လေလံအောင်သူကို ပေးမည့်အစား တစ်ပိဿာလျှင် ဈေးအနည်းဆုံးနှင့် ရောင်းနိုင်ပါသည်ဆိုသူကို လုပ်ကိုင်ခွင့် ချထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ထူးကြီးမြို့မှ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ(ပုသိမ်-မုံရွာကားလမ်း)အထိ (၁၁)မိုင် ရှည်လျားသည့် မြန်မာ့မီးရထားမှ အသုံးမပြုတော့ဘဲ သံလမ်းများလည်း ဖြုတ်သိမ်းပြီးဖြစ်သည့် လမ်းတာအား ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းကာ မြို့နယ်ချင်းဆက်သွယ်သည့် ကားလမ်းအဖြစ် ပြောင်းလဲဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသည်များအား လူနေအိမ်များတွင် တည်းခိုခွင့် (Home Stay) ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(ခ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

၇။ အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီ၏ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်များတွင် မျက်စိရောဂါနှင့် အထွေထွေ ရောဂါ ကုသပေးခြင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်နှင့် သံတွဲမြို့နယ် ခရီးစဉ်များတွင် ထောက်ပံ့လှူဒါန်းခြင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်း ခရိုင် (တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေလှူဒါန်းခြင်း အစီရင်ခံစာ (၆/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်း တင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၅ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။